၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

# မြို့တော်သတင်း

The CITY NEWS

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ | အတွဲ (၃၄)၊ အမှတ် (၁၄၂) | WED, 9 April, 2025

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရဟန်းရှင်လူပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်စဉ်။

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးမှ ရဟန်းရှင်လူပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး **စာ - ၄ သို့**

## ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်ကန်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကန်တော်ကြီး သဘာဝဥယျာဉ်တွင် ကျင်းပသည်။

ငါးလွှတ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးစုစုပေါင်း ကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်ကန်အတွင်းသို့ လွှတ်ပေးခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများသည် တိပိဋကကာလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **ဓါတ်ပုံ-ဗွဲထက်ကို(မြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်ကန်အတွင်းသို့ လွှတ်ပေးစဉ်။

## မြို့တော်သတင်း The CITY NEWS အယ်ဒီတာ့အာဘော်

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

၉ - ၄ - ၂၀၂၅

# သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ကြိုတင်ထိုးနှံပေး

မြန်မာနိုင်ငံ၌ အမျိုးသမီးများတွင် ဖြစ်လေ့ရှိသော ကင်ဆာအားလုံး၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းသည် သားအိမ်ခေါင်းကင်ဆာဖြစ်ပြီး အသက် ၁၅ နှစ်မှ ၄၄ နှစ်အတွင်း အမျိုးသမီးများတွင် အဖြစ်အများဆုံးဖြစ်သည့်အပြင် ကင်ဆာကြောင့် သေဆုံးရခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ လိင်အင်္ဂါကြွက်နို့ဖြစ်စေတတ်သည့် HPV ပိုး (Human Papilloma Virus) ကြောင့်ဖြစ်ပြီး ၎င်းသည် မျိုးပွားလမ်းကြောင်းတွင် အဓိကကူးစက်တတ်သော ရောဂါပိုးဖြစ်သည်ဟု သိရသည်။

HPV ပိုး အမျိုးအစားပေါင်း ၁၀၀ ကျော်ရှိသည့်အနက်အဖြစ်များသော ရောဂါပိုးမှာ ၁၄ မျိုးရှိသည်ဟုဆိုသည်။ လိင်ဆက်ဆံခြင်းနှင့် အရေပြားထိတွေ့ခြင်းတို့မှတစ်ဆင့် ရောဂါပိုးကူးစက်နိုင်ပြီး HPV ကာကွယ်ဆေးကို ရောဂါပိုးကူးစက်ခံရပြီးနောက်မှ ထိုးနှံပါက ထိရောက်မှုမရှိကြောင်းလည်း သိရသည်။

အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းခလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ကျောင်းအခြေပြုထိုးနှံပေးလျက်ရှိသည်။ ယင်းကာကွယ်ဆေးမှာ HPV ပိုးအမျိုးအစားလေးမျိုးကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးဖြစ်ပြီး ၊ အဆိုပါကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်မည်ဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကာကွယ်ဆေးထိုးအစီအစဉ်များဖြင့် ထိုးနှံပေးရာတွင် အဆိုပါနိုင်ငံများ၌ လိင်အင်္ဂါကြွက်နို့နှင့်သားအိမ်ခေါင်းရှေ့ပြေးကင်ဆာဖြစ်ပွားနှုန်း လျော့ကျလာသည်ဟု သိရသည်။ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆင့်သုံးဆင့် သတ်မှတ်ထားရာ ပဏာမအဆင့်တွင် HPV ကာကွယ်ဆေးထိုးနှံခြင်း၊ ဒုတိယအဆင့်တွင် သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်စစ်ဆေးခြင်းနှင့် တတိယအဆင့်တွင် လိုအပ်သောကုသခြင်းတို့ကို တစ်ပြိုင်တည်းလုပ်ဆောင်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်သွားရန်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးဦးရေတစ်သိန်းလျှင် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားသူ ၁၃ ဒသမ ၃ ဦးရှိပြီး ရောဂါကြောင့် သေဆုံးမှုမှာ ၆ ဒသမ ၉ ဦးရှိရာ ရောဂါဖြစ်ပွားသူ ထက်ဝက်ကျော်တို့ သေဆုံးကြရသည်ကို တွေ့ရသည်။ ယင်းသေဆုံးသူများ၏ ရာခိုင်နှုန်း ၉၀ မှာ ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများမှဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံးကင်ဆာရောဂါဖြစ်ပြီး အန္တရာယ်ကြီးမားသော်လည်း ကြိုတင်ကာကွယ်နိုင်သော ကင်ဆာဖြစ်ရာ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကြောင့် သေဆုံးမှုတို့ လျော့နည်းကျဆင်းသွားမည်ဟု ဆိုချင်ပါကြောင်း။ ။

# ပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲနှင့် ဆုရသင်တန်းသား၊ သင်တန်းသူများ ဆုချီးမြှင့်ပွဲ ကျင်းပ




**ရန်ကုန် ဧပြီ ၉**

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားကာ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးရဲကိုကိုက လည်းကောင်း၊ ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်စိုးကလည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့်အထူးဆုများရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား ဦးစီးအရာရှိ ဒေါ်အိအိမွန်၊ သင်တန်းနည်းပြဆရာနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဆုများအသီးသီးချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ Book Club အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ကြသည်။

**ယောရော(မြို့နယ်ပြန်/ဆက်)**

# သုံးခွမြို့နယ် စစ်ပင်ကန်ကျေးရွာ နွေရာသီအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၉**

သုံးခွမြို့နယ် စစ်ပင်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိဖြိုးသူက ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် အင်္ဂလိပ်စာ အရည်အသွေးများ တိုးတက်မြင့်မားစေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများက Grade – 5 မှ ၁၂ ဦးအား နံနက် ၈ နာရီမှ ၁၀ နာရီအထိ၊ (KG,G1,G2) ၄၈ ဦးအား နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ၊ (G3,G4) ၂၀ ဦးတို့အား မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ Grade –6 ၁၁ ဦးတို့အား ညနေ ၃ နာရီမှ ညနေ ၅ နာရီထိ စုစုပေါင်း သင်တန်းသား ၉၂ တို့ ဦးကို သင်ကြားပို့ချသည်။ အဆိုပါ သင်တန်းကို ဧပြီ ၇ရက်မှ မေ ၂၀ ရက်အထိ အခမဲ့ သင်ကြားပို့ချ ပေးမည်ဖြစ်သည်။



**ကျော်ဆန်း**




**သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဧပြီ ၈ ရက်က နံရံကပ်စာစောင်ပြပွဲနှင့်ဂိမ်းကစားပြိုင်ပွဲ ကျင်းပစဉ်။**

**ဖြိုးသီဟ (ခရိုင်ပြန်/ဆက်)**

# လျှော်ဘေးသင့် ဒေသများသို့ vivo Mobile Myanmar မှ လှူဒါန်း

**ရန်ကုန် ဧပြီ ၉**

၂၈.၃.၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ဒေသများရှိ ပြည်သူများအတွက် vivo Mobile Myanmar မှ မြန်မာငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့်စားသောက်ကုန်များကို မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီးကော်မတီသို့ ပြန်လည်ထူထောင်ရေးနှင့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လှူဒါန်းကြောင်း သိရသည်။

ငလျင်ဘေးသင့်ပြည်များအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ပစ္စည်းများကို ဧပြီ ၂ရက်နှင့် ၇ ရက်တို့တွင် ယင်းကော်မတီသို့ လှူဒါန်းခဲ့ပြီး အင်အားပြင်း ငလျင်ဒဏ်ခံစားခဲ့ရသောဒေသရှိပြည်သူများသို့ ပြန်လည် ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်သည်။

**A.M.H**

## မြို့တော်သတင်း

**ထုတ်ဝေသူ** – ဦးဇော်မင်းအောင်
ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြ (၀၀၆၉၉)

**အမှုဆောင်အရာရှိ** – ဦးစောလှဦး
ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)

**အယ်ဒီတာချုပ်** – မြတ်စိုး (လှိုင်)
**တာဝန်ခံအယ်ဒီတာ** – မောင်မောင်လွင်
**အယ်ဒီတာများ** – ထားထားဝင်းနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** – မြင့်ဦးဆွေနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဝါဝါပွင့်နှင့်အဖွဲ့

**သတင်းထောက်ချုပ်** – စောသိန်းဝင်း(မြို့တော်သတင်း)
**အကြီးတန်းသတင်းထောက်** – အောင်မြင့်ငွေ၊ မိုးဝေ
**အငယ်တန်းသတင်းထောက်** – ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊
**ဓာတ်ပုံသတင်းထောက်** – ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက်

**ပုံနှိပ်**– သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချိရေး**– ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြ) ၀၀၅၈၃**

မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁ – ၇၅၀၃၆၂၆, yangoncitynews@gmail.com

# ငလျင်ဒဏ် ခံစားနေရသူများကို ကူညီရန် ဈေးရောင်းပွဲတော် ကျင်းပ



**ရန်ကုန် ဧပြီ ၉**

၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးဒဏ်ခံစားနေရသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီရန်အတွက် လိုအပ်သော စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားအထွေထွေပစ္စည်းများကို လုပ်ငန်းရှင်အသင်းများမှပံ့ပိုး၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများနှင့် လှူဒါန်းလိုသောစေတနာရှင်များကို ချိတ်ဆက်ပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် ဈေးရောင်းပွဲတော်ကို ယမန်နေ့က သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ FORTUNE PLAZA MYANMAR EXPO HALL တွင် ပြုလုပ်သည်။

အဆိုပါ ဈေးရောင်းပွဲတွင် စားသောက်ကုန်၊လူသုံးကုန်၊အဝတ်အထည်၊ ဆေးဝါးနှင့် အခြားအထွေထွေပစ္စည်းများကို လုပ်ငန်းရှင်များက အကျိုးအမြတ်မယူသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ငလျင်ဒဏ်သင့်ဒေသများသို့ လှူဒါန်းမည့်ပစ္စည်းများကိုမြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MDEA)က ကြီးကြပ်၍ Ninja Van နှင့် Royal Express တို့က အခမဲ့ပို့ဆောင်သွားမည်ဖြစ်သည်။

ငလျင်ဒဏ်သင့်ဒေသများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်သို့ ရောက်ရှိသွားပါက မိမိတို့အစီအစဉ်ဖြင့် သော်လည်းကောင်း၊ MDEA ၏ စီမံခန့်ခွဲမှုဖြင့်သော်လည်းကောင်း ဖြန့်ဖြူးကူညီလှူဒါန်းနိုင်မည်ဖြစ်သည်။

ပါဝင်ကူညီမည့်စေတနာရှင်အလှူရှင်များသည် ဧပြီ ၈ ရက်နှင့် ၉ ရက်များတွင် နံနက် ၉ နာရီခွဲ မှ ညနေ ၆ နာရီခွဲအထိ လာရောက်ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ **CN – 033**

# MYANMAR SWAT INTERNATIONAL SECURITY GROUP မှ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းများအား စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ကြီးဌာနများမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများကို ယနေ့ နံနက်ပိုင်းတွင် MYANMAR SWAT INTERNATIONAL SECURITY GROUP က စားသောက်ဖွယ်ရာများကိုဝန်ထမ်းအိမ်ရာများသို့ သွားရောက်လှူဒါန်းကြသည်။



နံနက်ပိုင်းတွင် MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan သည် ငလျင်ဘေးဒဏ်သင့်ခဲ့သည့် လယ်ဝေးမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းမိသားစု ၆၉ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အဖြူ/အနီ၊ ငါးခြောက်၊ ဝတ်အူချောင်းနှင့် ရေလှောင်ပုံးများကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းမိသားစု ၄၇ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အဖြူ/ အနီ၊ ငါးခြောက်၊ ဝတ်အူချောင်းနှင့် ရေလှောင်ပုံးများကို လည်းကောင်း ယာယီအခြေပြုသည့်နေရာများသို့ သွားရောက်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းမိသားစု ၈၃၂ စုတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အဖြူ / အနီ၊ ငါးခြောက်၊ ဝတ်အူချောင်းနှင့် ရေလှောင်ပုံးများကို ယာယီအခြေပြုသည့်နေရာများသို့ သွားရောက်၍ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ဧပြီ ၉ ရက်တွင်လည်း အမှန်တကယ် လိုအပ်ချက်ရှိသည့် ငလျင်ဘေးဒဏ်သင့် ပြည်သူများ ယာယီအခြေပြုနေရာများသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အဖြူ/ အနီ၊ ငါးခြောက်၊ ဝတ်အူချောင်းနှင့် ရေလှောင်ပုံးများ ဆက်လက်သွားရောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် ဧပြီ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏စီစဉ်မှုဖြင့် ကုန်မျိုးစုံဈေးကားသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် သတင်းစာတိုက်ဝင်းဝန်ထမ်းအိမ်ရာသို့ အိမ်တိုင်ရာရောက်လာရောက်ကာ ဆန်၊ ဆီ၊ ဆားနှင့် ကုန်မျိုးစုံတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

**ရောင်းချပေး**

ထိုသို့ရောင်းချရာတွင် ဝန်ထမ်းများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာနှုန်းဖြင့် ဆန်ခြောက်ပြည်အိတ် (မနောသုခ-Export Quality) အိတ် ၄၀၊ ဆန်ငါးပြည်အိတ် (ဖျာပုံပေါ်ဆန်း) ၃၅ အိတ်၊ ဆီပိဿာ ၁၄၀၊ ဆား ၁၅ ကျပ်သားပါ ၃၅ ထုပ်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့သည်။

အဆိုပါဈေးကားသည်ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ ယနေ့အထိ ဈေးကား ခုနစ်စီးဖြင့် အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သန်းတင်အောင် (ကြေးမုံ)**



# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး



အသင်းဝင်မိသားစုများက (၁၂)ကြိမ်မြောက်စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ဧပြီ ၄ ရက် နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး အလှူမဏ္ဍပ်၌ ပြုလုပ်သည်။

နှစ်စဉ်ပြုလုပ်သည့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲတွင် ကြက်သားပိဿာ ၂၅၀ ကျော်၊ ဆိတ်သား ပိဿာ ၂၅၀ ကျော်၊ ဆန် ငါးအိတ်တို့ကို ချစ်တီးထမင်းဟင်းပုံစံချက်ပြုတ်ပြီး ကျွေးမွေးလှူဒါန်းကြရာ လူဦးရေတစ်ထောင်ကျော် လာရောက်စားသုံးကြသည်။ စတုဒိသာကျွေးမွေးလှူဒါန်းပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

**မျိုးမင်းသူရ**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မတ် ၂၈ ရက်က ပြင်းထန်သောမြေငလျင်ကြီး လှုပ်ခတ်ပြီးနောက်ပိုင်း ဧပြီ ၈ ရက် ညနေပိုင်းအထိ နောက်ဆက်တွဲငလျင် ၁၀၄ ကြိမ် လှုပ်ခတ်ခဲ့ တစ်နေ့ထက်တစ်နေ့ အကြိမ်ရေလျော့နည်းသွားသကဲ့သို့ ပြင်းအားပမာဏလည်း သိသိသာသာလျော့နည်းသွား

**နေပြည်တော် ဧပြီ ၈**

အင်အားပြင်းထန်၍ ဗဟိုချက် အနက်တိမ်သော ငလျင်ကြီးများသည် လှုပ်ရှားပြီးပါက နောက်ဆက်တွဲငလျင်များ လှုပ်ရှားနိုင်သည့် အလားအလာရှိကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း အင်အားပြင်းထန်သည့် ငလျင်ကြီး လှုပ်ရှားမှုကြောင့် နောက်ဆက်တွဲငလျင် အကြိမ် ၁၀၀ ခန့် လှုပ်ရှားခဲ့ဖူးကြောင်း၊ ရွှေ့လျားသွားသောမြေသားများ ပုံမှန်အနေအထားသို့ရောက်ရှိရန် ပြုလုပ်ကြရသဖြင့် နောက်ဆက်တွဲငလျင်များ လှုပ်ရှားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အသိပေးထားပြီးဖြစ်သည်။

မတ် ၂၈ ရက်က ပြင်းထန်သောငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း ဧပြီ ၈ ရက် ညနေပိုင်းအထိနောက်ဆက်တွဲ ငလျင် ၁၀၄ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း၊ တစ်နေ့ထက်တစ်နေ့ အကြိမ်ရေ လျော့နည်းသွားသကဲ့သို့ ပြင်းအားပမာဏလည်း သိသိသာသာလျော့နည်းသွားပြီဖြစ်ကြောင်း၊ ဧပြီ ၈ ရက် ညနေ ၅ နာရီကျော်က နောက်ဆုံးလှုပ်ခတ်ခဲ့သည့် ငလျင်ပြင်းအားမှာ ရစ်(ခ်)တာစကေး ၃ ဒသမ ၉ သာရှိကြောင်း သိရသည်။

**အစီအမံများဆောင်ရွက်ထားရန်လိုအပ်**

ငလျင်သည် မည်သည့်နေရာတွင် အင်အားပမာဏမည်မျှဖြင့် မည်သည့်အချိန်တွင် လှုပ်ရှားမည်ကို ယနေ့အချိန်အထိ ကမ္ဘာပေါ်၌ မည်သည့်နိုင်ငံမျှ တိတိကျကျကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သည့်အတွက် လည်းကောင်း၊ ငလျင်သည် အချိန်၊ ကာလ၊ ရာသီမရှိဘဲ အချိန်အခါမရွေး၊ ရာသီမရွေး ဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်၍ လည်းကောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အသိပညာပေးထားသကဲ့သို့ ရင်ဆိုင်ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှု အစီအမံများဆောင်ရွက်ထားရန်သာ လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

(စာ - ၁) ရွှေတိဂုံစေတီတော်မြတ်ကြီးမှ

သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋ္ဋကဓရ၊ တိပိဋ္ဋကာလင်္ကာရ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋ္ဋကဓရ၊ တိပိဋ္ဋကာလင်္ကာရ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များ ပရိတ်တရားတော်အား စုပေါင်း ရွတ်ဖတ်ပူဇော်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋ္ဋကဓရ၊ တိပိဋ္ဋကာလင်္ကာရစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ တိပိဋကဩဝါဒါစရိယ၊ စေတိယင်္ဂဏပဝရသီရိ မဟာဓမ္မဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ(ဝဋ္ဋံသကာ) ပါဠိပါရဂူ လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းလောင်း အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ် အဓိဋ္ဌာန်ပြုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် ၁၈ ပါးမှ စေတီတော်ရင်ပြင် မြောက်ဘက်မုခ် အောင်မြေရှိ ချမ်းသာကြီး တန်ဆောင်း၌ အလှည့်ကျ ဧပြီ ၈ ရက်မှ ၁၆ ရက်နေ့အထိ ကိုးရက်တိုင်တိုင် ရဟန်းရှင်လူ ပြည်သူအများ ဘေးအန္တရာယ် ကင်းဝေးစေရန် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ပူဇော်ကြမည်။


ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုရား၊ စေတီများတွင်လည်း ဆရာတော်၊ သံဃာတော်များ၊ ဝတ်အသင်းအဖွဲ့များက ရဟန်းရှင်လူ ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေး စေရန် ရည်ရွယ်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

**ဇွဲထက်ကို(မြန်/ဆက်)**


## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**ရန်ကုန် ဧပြီ ၉**

ယမန်နေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ ဧပြီ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။




**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉-၄-၂၀၂၅ ရက်နေ့မှ ၁၂-၄-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၀ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၁ ရက်မှ ဧပြီ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်အားလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# မြို့တော်ဝန် ဦးဗိုလ်ငွေး တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ကြက်ဥဖြန့်ဖြူးရောင်းချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



မြို့တော်ဝန် ဦးဗိုလ်ငွေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဧပြီ ၉**

တိုင်းဒေသကြီးအတွင်းမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ကြက်ဥဖြန့်ဖြူးရောင်းချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၊ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကြက်ဥ၊ ဘဲဥဒိုင်များ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကြက်ဥ၊ ဘဲဥဒိုင်များ၊ ဖြန့်ဖြူးရောင်းချသူများ တက်ရောက်ကြပြီးနောက် မြို့တော်ဝန်မှ အမှာစကားပြောကြားရာတွင် “ယခုလိုအစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ သင်္ကြန်ကာလအတွင်း ကြက်ဥများဈေးနှုန်းထိုးတက်ခြင်းမရှိဘဲ ဆက်လက်ရောင်းချပေးသွားခြင်းဖြင့် မြို့တော်နေပြည်သူများ စားဝတ်နေရေးအတွက် ဝိုင်းဝန်းကူညီရာရောက်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရန်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ယခင်အတိုင်း ကြက်ဥများကို ဆက်လက်ရောင်းချပေးသွားရန် မေတ္တာရပ်ခံပါကြောင်း” ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သင်္ကြန်ကာလအတွင်း ကြက်ဥများ ရောင်းချမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က အဆင်ပြေစွာဆက်လက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုးဝေ**

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

မြို့တော်သတင်း The CITY NEWS



# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် ဧပြီ ၉**

## ၈.၄.၂၀၂၅ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၁၀,၀၀၀** ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၃ | ၂၉၂၃ |
| 95 Ron | ၂၈၈၀ | ၂၉၇၁ |
| HSD (500 ppm) | ၂၄၂၃ | ၂၅၀၁ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၀၅ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၀၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး**

ငစိန် ကျပ် ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀

ဧည့်မထ ကျပ် ၇၁၀၀၀ - ၇၂၀၀၀- ၇၃၀၀၀

ပေါ်ကွဲ ကျပ် ၁၀၀၀၀၀ - ၁၀၂၀၀၀- ၁၀၃၀၀၀

ပေါ်ဆန်း ကျပ် ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀

**ဆီ(ပိဿာချိန်)**

စားအုန်းဆီ(လက်ကား) ကျပ် ၆၇၇၀ - ၇၂၀၀

စားအုန်းဆီ(လက်လီ) ကျပ် ၇၀၁၀ - ၇၅၀၀

ပဲဆီ(လက်ကား/လက်လီ) ကျပ် ၁၃၀၀၀ -၁၆၀၀၀ - ၂၂၀၀၀

နှမ်းဆီ(လက်ကား/လက်လီ)ကျပ် ၁၇၀၀၀-၂၀၀၀၀

**အသား(ပိဿာချိန်)**

အမဲသား(ဒိုင်ဈေး) ကျပ် ၂၂၀၀၀

(လက်လီဈေး) ကျပ် ၂၀၀၀၀ -၂၅၀၀၀ - ၂၈၀၀၀

ဝက်သား(ဒိုင်ဈေး) ကျပ် ၂၄၅၀၀

(လက်လီဈေး) ကျပ် ၂၉၀၀၀ - ၃၀၀၀၀

ဆိတ်သား (ဒိုင်ဈေး) ကျပ် ၂၅၀၀၀

(လက်လီဈေး) ကျပ် ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀

**ကြက်/ဘဲ(ပိဿာချိန်)**

မွေးမြူရေးကြက်(ဒိုင်ဈေး) ကျပ် ၁၄၀၀၀ - ၁၄၃၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၈၀၀၀

ဒေသကြက်(ဒိုင်ဈေး) ကျပ် ၁၄၀၀၀ - ၂၄၀၀၀

(လက်လီဈေး) ကျပ် ၂၄၀၀၀ -၂၇၀၀၀ - ၃၀၀၀၀

ဘဲ(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀

ဘဲ(လက်လီဈေး) ကျပ် ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀

**ကြက်ဥ/ဘဲဥ(လုံးရေ)- ရေဝေတီတိုင်းမှဝင်**

ကြက်ဥ(ဒိုင်ဈေး) ကျပ် ၃၅၅

ဘဲဥ ( ဒိုင်ဈေး) ကျပ် ၄၀၀

ကြက်ဥ(လက်လီဈေး) ကျပ် ၃၅၅ - ၃၆၀ - ၃၆၅

ဘဲဥ(လက်လီဈေး) ကျပ် ၄၅၀ - ၅၀၀

**ငါး (ရေချိုရေငန်ပိဿာချိန်)**

ငါးမြစ်ချင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၇၅၀၀ - ၈၅၀၀

(လက်လီဈေး) ကျပ် ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀

ငါးကြင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀

(လက်လီဈေး) ကျပ် ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀

ငါးတန် (မြစ်) (ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၂၀၀၀၀

ငါးတန် မွေးမြူရေး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၆၀၀၀

(လက်လီဈေး) ကျပ် ၅၀၀၀ -၁၀၀၀၀

ငါးခူ/ငါးကျည်း (ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀

ငါးသလောက်(ဒိုင်ဈေး)ကျပ် ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀

(လက်လီဈေး) ကျပ် ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀

ငါးရံ့(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀

ပင်လယ်ငါး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀

(လက်လီဈေး) ကျပ် ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀

ရွှေငါး ကျပ် ၄၅၀၀ - ၅၅၀၀

ပလာတူး ကျပ် ၅၀၀၀ - ၇၀၀၀

ပုစွန်ကျော့(ဒိုင်ဈေး) ကျပ် ၁၁၀၀၀ - ၁၅၀၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀

**ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)**

ကြက်သွန်နီ(ဒိုင်ဈေး) ကျပ် ၁၁၀၀ - ၂၃၀၀ - ၂၄၀၀

(လက်လီဈေး) ကျပ် ၂၅၀၀ - ၃၅၀၀ - ၄၀၀၀

ကြက်သွန်ဖြူ(ဒိုင်ဈေး)ကျပ် ၅၀၀၀ - ၁၃၀၀၀ - ၁၃၅၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀ -၁၈၀၀၀

အာလူး(ဒိုင်ဈေး) ကျပ် ၃၅၀၀ - ၄၅၀၀

(လက်လီဈေး) ကျပ် ၃၆၀၀ - ၅၀၀၀

**ရှောက်ခြောက်(ပု)**

(ဒိုင်ဈေး) ကျပ် ၁၁၅၀၀ - ၁၂၀၀၀

(လက်လီဈေး) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀

**ရှောက်ခြောက်(ရှည်)**

(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၈၃၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကားဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရက်စွဲ | ဆန် | | | ဆီ | | ကုန်ခြောက် | | | | | | | | အသား/ငါး | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပေါ်ဆန်း တစ်ပြည် | ဧည့်မထ တစ်ပြည် | ငစိန် တစ်ပြည် | ပဲဆီ ပိဿာ | စားအုန်းဆီ ပိဿာ | ကြက်သွန်နီ ပိဿာ | ကြက်သွန်ဖြူ ပိဿာ | ကုလားပဲ ပိဿာ | မတ်ပဲ ပိဿာ | အာလူး ပိဿာ | ဆား ပိဿာ | ရှောက်ရှည် ပိဿာ | ရှောက်ပု ပိဿာ | ကြက်သား ပိဿာ | ဝက်သား ပိဿာ | အမဲသား ပိဿာ | ဆိတ်သား ပိဿာ | ငါးကြင်း ပိဿာ | ငါးမြစ်ချင်း ပိဿာ | ငါးခြောက်အာပြ ပိဿာ | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| | ရန်ကုန် | ၈-၄-၂၀၂၅ | ၆၀၀၀/၈၀၀၀ | ၃၃၀၀/၄၀၀၀ | ၃၀၀၀/၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/၁၆၀၀၀/၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/၃၆၀/၃၆၅ | ၄၅၀/၅၀၀ |
| | | ၉-၄-၂၀၂၅ | ၆၀၀၀/၈၀၀၀ | ၃၃၀၀/၄၀၀၀ | ၃၀၀၀/၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/၁၆၀၀၀/၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/၃၆၀/၃၆၅ | ၄၅၀/၅၀၀ |
| | | | | | | | | | | | | | | | | | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



**တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၂ သိန်း အသင်းသား၊ အသင်းသူ ၅၆ ဦးအား ဧပြီ ၉ ရက်က တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ထုတ်ချေးစဉ်။**

**စိန်လွင်(ကျေးလက်)**



**ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် ကျေးရွာ ၁၉ ရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ဧပြီ ၇ ရက်က အဆိုပါ မြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။**

**မောင်ခိုင်**



**တောင်ကြီးမြို့နယ်၊ နောင်ပစ်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉၈ သိန်းကို သတ္တမအကြိမ် အသင်းသား၊ အသင်း သူ ၅၉ ဦးအား ဧပြီ ၉ ရက်က တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ထုတ်ချေးစဉ်။**

**သော်ဇင်ထူး**

# ရေကောင်းရေသန့်နှင့် ကျန်းမာသည့်ဘဝ ပိုင်ဆိုင်နိုင်ရေး

(ဇော်မော်)

လူအပါအဝင် သတ္တဝါတွေအားလုံး ရေကို နေ့စဉ် သောက်သုံးနေရပါသည်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်လို့ ဆိုကြပါတယ်။ ထိုအဆိုကို ကြည့်လျှင် သတ္တဝါတို့ ရှင်သန်ဖို့ရေဘယ်အမျှလောက် အရေးကြီးတယ်ဆိုတာ သိနိုင်ပါသည်။ ဒီလိုအရေးကြီးတဲ့ သောက်သုံးရေသည် သန့်ရှင်းဖို့လိုအပ်ပါသည်။

သောက်သုံးရေဆိုတာ ရေကောင်းရေသန့် ဖြစ်ရပါမည်။ ရေကောင်းရေသန့်ဆိုတာ အမှုန်အမွှားကင်းစင်ရပါသည်။ အရောင်အဆင်း၊ အနံ့၊ အရသာမရှိရပါ။ အရပ်ဒေသအလိုက် ရေမှာပါဝင်တဲ့ အနည်တွေထိုင်အောင် နည်းအမျိုးမျိုးပြုလုပ်ကြပါသည်။ တွင်းရေ၊ ကန်ရေ၊ မြစ်ချောင်းရေကို ခပ်ထားပြီး ညသိပ်ထားလိုက်ရင် အနည်အမှုန်တွေ ထိုင်သင့်သလောက် ထိုင်သွားပါသည်။ အတော်အတန်ကြည်လင်သွားတဲ့ရေကို အပေါ်ယံကျော့ခပ်ပြီးသုံးလျှင် ရောဂါပိုးမွှားလည်း အတော်များများဖယ်ရှားပြီးဖြစ်သွားပါသည်။ ထိုရေကို သောက်ရေအဖြစ် သုံးနိုင်ပါသည်။ ရေမှာပါဝင်တဲ့ အနည်တွေထိုင်ဖို့ မြေပဲဆန်အစိမ်း၊ ဒန့်သလွန်စေ့အခြောက်မှုန့်၊ ကျောက်ချဉ်၊ လချေးကျောက်တွေထဲက တစ်မျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ ရေကို မြန်မြန် အနည်ထိုင်စေတဲ့ အရပ်သုံးပစ္စည်းတွေဖြစ်ပြီးရောဂါပိုးမွှားလည်းအတန်အသင့်လျော့ပါးစေပါသည်။

ရေမှာပါတဲ့အနည်အမှုန်တွေကို ရေစစ်နဲ့ စစ်ထုတ်လို့ရပါသည်။ အဲဒီလိုစစ်ထုတ်တဲ့အခါ မျက်စိနဲ့ မြင်နိုင်တဲ့အမှုန်အမွှားတွေပါသွားနိုင်ပေမယ့် သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ ရောဂါပိုးမွှားတွေ၊ သတ္တုဓာတ်တွေ ကျန်ရှိနေနိုင်ပါသည်။ အဲဒီ အရာတွေကို ဖယ်ရှားသန့်စင်နိုင်မှသာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရေကောင်းရေသန့်ကို ရမှာဖြစ်ပါသည်။

မသန့်ရှင်းတဲ့ရေကိုသောက်လျှင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါတွေ ဖြစ်စေပါသည်။ ရေထဲမှာ ရောဂါပိုးအမျိုးမျိုးရှိနေနိုင်သည်။ လူနဲ့ တိရစ္ဆာန်တို့ရဲ့ မစင်ကလာတဲ့ပိုးတွေ ရေထဲမှာ ပါဝင်နေမယ်ဆိုရင် အထက်ဖော်ပြပါရောဂါတွေ ဖြစ်နိုင်ပါသည်။ သောက်သုံးရေထဲက ရောဂါပိုးတွေဟာ လူအများအပြားကို ပျံ့နှံ့ကူးစက်နိုင်ပြီး ကပ်ရောဂါအသွင် ဖြစ်နိုင်ပါသည်။

ရေကိုဆူပွက်တဲ့အထိ ကျိုချက်လိုက်ရင် ရေထဲမှာပါတဲ့ ရောဂါပိုးတွေကို သေစေနိုင်သည်။ ဒါကြောင့်ဖြစ်နိုင်လျှင် ရေကိုကျိုချက်ပြီး ရေနွေးအဖြစ်ပဲသောက်သောက်၊ အအေးခံပြီး ရေကျက်အေးကိုပဲသောက်သောက် ရောဂါပိုးကင်းစင်တဲ့ ရေကို သောက်သုံးနိုင်ပါသည်။ နောက်တစ်နည်းကတော့ ရေကိုမကျိုချက်နိုင်ရင် နေပူလှန်းပြီး သုံးနိုင်ပါသည်။ ကြည်လင်တဲ့ဘူးတွေ၊ ပုလင်းတွေထဲရေထည့်ပြီး နေပူထဲမှာနှစ်ရက် သုံးရက်လောက်လှန်းလိုက်ရင် ရောဂါပိုးတွေသေပါသည်။ တိုက်ရိုက်နေရောင်ခြည် ၆ နာရီလောက်ပူရင် ရေထဲကရောဂါပိုးတွေ သန့်စင်သွားပါသည်။ ရေထဲက ရောဂါပိုးတွေသေဖို့ အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်တဲ့ အပူရဖို့လိုအပ်တဲ့အတွက် တိမ်ထူတဲ့နေ့တွေဆိုရင် နှစ်ရက်လောက်နေလှန်းရပါမည်။

ရေထဲကို ကျောက်ချဉ်ခတ်မယ်ဆိုရင်လည်း ရောဂါပိုးအတော်များများသေစေပါတယ်။ ရေစည်တစ်စည်ကို ကျောက်ချဉ် ၅ ကျပ်သားလောက် ခတ်လိုက်ရင် ရောဂါပိုးအများစုသေနိုင်ပြီးကြွင်းကျန်နေတဲ့ရောဂါပိုး အချို့လည်းအနည်ထိုင်သွားပါသည်။ ရေကနေတစ်ဆင့် ဝမ်းနဲ့ ပတ်သက်တဲ့ရောဂါတွေဖြစ်လာမည်။ ကပ်ရောဂါအသွင်ဖြစ်လာမယ်ဆိုရင် လူအများဆုံးသောက်သုံးတဲ့ ရေတွင်း ရေကန်တွေကို ကလိုရင်းဆေးပြား၊ ဆေးရည်လို ပိုးသတ်ဆေးခတ်သုံးပါက ပိုကောင်းပါသည်။

ရေကိုကျိုချက်သောက်ရင် ရောဂါပိုးတွေ ကင်းစင်သွားသလို ထုံးဓာတ်လို သတ္တုဓာတ် အချို့ကိုလည်း ဖယ်ရှားသန့်စင်နိုင်ပါသည်။ ဒါပေမယ့် အာဆင်းနစ်လို့ခေါ်တဲ့ စိန်ဓာတ်က ကျိုချက်လိုက်ရင် ပြင်းအားပိုလာတဲ့အတွက် သတိပြုရပါမည်။

အသန့်ရှင်းဆုံး အကောင်းဆုံးရေကတော့ မိုးရေပဲ ဖြစ်ပါသည်။ မိုးရေမှာ အနည်အမှုန်တွေ၊ ရောဂါပိုးတွေ မပါဝင်ပါ။ သတ္တုဓာတ်တွေလည်း ကင်းစင်သည်။ ဒါပေမယ့် သက်ငယ်၊ ဓနိ၊ သွပ်စတဲ့ အမိုးတွေအပေါ်က ဖြတ်သန်းကျလာတဲ့မိုးရေမှာ အနည်အမှုန်တွေ၊ ငှက်ချေးတွေ၊ ဖုန်တွေရောပါလာပြီး ညစ်ညမ်းနိုင်ပါသည်။ ဒါကြောင့် မိုးရေသန့်သန့် ခံယူချင်တယ်ဆိုရင်သန့်စင်အောင်ဆေးကြောထားတဲ့ သွပ်၊ ပလတ်စတစ်အမိုးပေါ်ကကျတဲ့ရေကို ခံယူသင့်ပါသည်။ စာရေးသူတို့ဆိုလျှင် မိုးဦးကျရွာသည့် မိုးရေကိုမခံယူပါ။ မိုးဖြိုင်ဖြိုင်ရွာပြီး သွပ်အမိုးလည်းသန့်စင်ပြီးမှရတဲ့ မိုးရေကိုသုံးပါသည်။ မိုးရေကိုခံယူပြီး ချက်ချင်းမသုံးသေးဘဲ သိုလှောင်ထားပြီး အနည်ထိုင်မှသုံးပါသည်။

သဘာဝစမ်းပေါက်ကကျတဲ့စမ်းရေဟာလည်း သန့်ပါသည်။ ဒါပေမယ့် စမ်းရေထွက်တဲ့ စမ်းပေါက်နေရာကို သန့်ရှင်းအောင်ကာကွယ်ထားရပါမည်။ စမ်းရေလာရာအထက်ပိုင်းမှာ လူ၊ တိရစ္ဆာန်တွေရဲ့ အညစ်အကြေးတွေနဲ့ထိစပ်ရင် ရေထဲပျော်ဝင်ပြီး ညစ်ညမ်းနိုင်ပါသည်။ လက်ယက်တွင်း၊ အဝီစိတွင်းတွေကထွက်တဲ့ မြေအောက်ရေဟာလည်းသန့်ပါသည်။ ဒါပေမယ့်မြေမှာ ထုံးဓာတ်၊ သံဓာတ်၊ အာဆင်းနစ်ဓာတ်တွေရှိနေရင်တော့ ရေမသန့်နိုင်ပါ။

အကောင်းဆုံးကတော့ ရေကိုဓာတ်ခွဲကြည့်ပြီး သန့်စင်တယ်လို့သိရမှ စိတ်ချလက်ချ သုံးသင့်ပါသည်။ ရေတွင်း၊ ရေကန်ထဲဆင်းခပ်ခြင်း၊ အနီးအနားမှာ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းတွေမလုပ်ရပါ။ တိရစ္ဆာန်တွေ အနားမကပ်နိုင်အောင် ကာကွယ်ထားရမည်။ ရေတွင်း၊ ရေကန်နဲ့ အနည်းဆုံးပေ၅၀ အကွာမှသာ အိမ်သာဆောက်သင့်ပါသည်။ ရေတွင်း၊ ရေကန်ရဲ့ အထက်မြင့်တဲ့မြေမှာလည်း အိမ်သာ မဆောက်ရပါ။

ယခုအခါ ဆေးရုံ၊ ကျောင်း၊ စက်ရုံစတဲ့ အများစုဝေးရာနေရာတွေမှာ ရေသန့်စက်တွေ တပ်ဆင်ပေးထားကြပါသည်။ သန့်ရှင်းတဲ့သောက်သုံးရေ သုံးစွဲနိုင်ဖို့ဖြစ်ပါသည်။ ရေ ဝ ပိဿာရှိရင် သန့်တယ်။ ကြည်လင်နေရင် သန့်တယ်ဆိုတဲ့ မှားယွင်းတဲ့ အယူအဆတွေဖျောက်ဖျက်ကြဖို့လိုပါသည်။ ရေကို မိမိကိုယ်တိုင်သန့်စင်နိုင်တဲ့ နည်းလမ်းများဖြင့် သန့်စင်သောက်သုံးခြင်း၊ ရေကောင်းရေသန့် ဖြစ်အောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ခေတ်မီရေသန့်စင်စနစ်နဲ့ရရှိတဲ့ရေသန့် ရရှိသုံးစွဲနိုင် အောင် ကြိုးစားခြင်းတို့နှင့် ကျန်းမာတဲ့ဘဝကို ပိုင်ဆိုင်အောင် ဆောင်ရွက်သင့်ပါသည်။ ။

## ပွင့်ဖြူမြို့နယ်၌ ရတနသုတ်နှင့် ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်



**ပွင့်ဖြူ ဧပြီ ၈**

ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် ဓမ္မာရုံတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်၏ ကြီးကြပ်မှုဖြင့် ဝတ်ရွတ်အသင်းအဖွဲ့များက အန္တရာယ်ကင်း ရတနသုတ်နှင့်ဥပ္ပါတသန္တိ ကျမ်းမြတ်တို့ကို စုပေါင်းရွတ်ဖတ် ပူဇော်ကြသည်။

အလားတူ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်မှ ဝတ်ရွတ် အသင်းအဖွဲ့များကလည်း ပွင့်ဖြူမြို့တွင်း တြိဂံလမ်းဆုံတွင် ရတနသုတ်ပရိတ်တော်များနှင့် ဥပ္ပါတသန္တိကျမ်းမြတ်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

လှိုင်ဝင်းလေး

( ပွင့်ဖြူမြေ )

## ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့်ရေဝတီ ရေတပ်စခန်း ဌာနချုပ်တို့ သောက်သုံးရေများ လှူဒါန်း



**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် ရပ်ကွက်၊ ကျေးရွာများသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရေဝတီရေတပ်စခန်း ဌာနချုပ်တို့မှ သောက်သုံးရေများကို ယနေ့နံနက်၇ နာရီအချိန်က လှူဒါန်းကြသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဒလတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့်အဖွဲ့သည် ရေဝတီရေတပ် စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်ရေသယ်ယာဉ်ဖြင့် ဒလသင်္ဘောဆိပ်သို့ ရောက်ရှိခဲ့ပြီး တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ တပ်မတော်ရေသယ်ယာဉ်မှ ၄၃ မီတာ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ စုစုပေါင်းတန်၂၀၀ ၊ ဂါလန် ၅၀၀၀၀ အား မြို့နယ်စည်ပင်ရေသန့်မှ ရေသယ်ယာဉ်ငါးစီး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ် နှစ်စီး၊ စုစုပေါင်း ရေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော မှော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၂၆ စု၊ လူဦးရေ ၁၃၅၆ ဦး၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၂ စု၊ လူဦးရေ ၁၈၇၂ ဦး၊ ကျန်စစ်သားရပ်ကွက်ရှိ အိမ်ထောင်စု ၄၅၈ စု၊ လူဦးရေ ၂၇၄၈ ဦး၊ ဗညားဒလရပ်ကွက်ရှိ နန်းဦးပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော သံဃာ ၁၅၀ ပါးတို့အတွက် သောက်သုံးရေဖြန့်ဝေခြင်းနှင့် ရေသိုလှောင်ပေးခြင်းများဆောင်ရွက်ကြသည်။

ထို့နောက် ဗညားဒလရပ်ကွက်ရှိ နန်းဦးပရိယတ္တိစာသင်တိုက်သို့ ဒလတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့်အဖွဲ့ဝင်များ၊ တွံတေးခရိုင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများသွားရောက် ဆက်ကပ်လှူဒါန်း၍ ရေသိုလှောင်ကန်များအား သောက်သုံးရေများ ဖြည့်တင်းပေးခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ- ခင်စန္ဒာမြင့်(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**ရန်ကုန် ဧပြီ ၉**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ယနေ့မြန်မာစံတော်ချိန် ၁၃:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည်ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းဘက်သို့ ရွေ့လျားနိုင်ပြီး၊ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်။** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **(မိုး/ဇလ)**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တွံတေးမြို့နယ်၊ ဘုရားငုတ်တို(မြောက်)ကျေးရွာနှင့် ဒလမြို့နယ်တွင် သီးထပ်စိုက်ပျိုးရေးအတွက် ရေချိုပေးနိုင်ရေး ဆောက်လုပ်နေသည့် ကဘင်းရေးတံခါး အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးနေစဉ်။ (သတင်း-ကျော်ဖုံး)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် လှိုင်သာယာ-ဒလ-တွံတေး ကြိုးတံတား အတက်၊ အဆင်းလမ်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးနေစဉ်။

(သတင်း-ကျော်ဖုံး)



ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေစဉ်။ (သတင်း-ကျော်ဖုံး)



ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်း-ကျော်ဖုံး)



ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့်တာဝန်ရှိသူများက တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်း-ကျော်ဖုံး)



# လှည်းကူးမြို့နယ်တွင် သံဃာတော် ၁၂၅၀ ပါး ဆွမ်းလောင်းလှူ

**ရန်ကုန် ဧပြီ ၉**

မှော်ဘီမြို့နယ် သဲဖြူမဟာမြိုင်ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်အရှင်သူမြတ်ဦးဆောင်၍ သံဃာတော် ၁၂၅၀ ပါးသည် ယနေ့နံနက် ၆ နာရီက လှည်းကူးမြို့နယ်သို့ ဆွမ်းခံကြွချီသည်။

အဆိုပါဆွမ်းလောင်းလှူပွဲသို့ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် အရဇာ ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ ပန်း၊ အချိုရည်၊ ရေသန့်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့ (ပြန်/ဆက်)**



ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။ (သတင်း-ကျော်ဖုံး)



ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဧပြီ ၉ ရက်တွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးစဉ်။ ချိုသန်းညွန့် (ကျေးလက်)

# လှည်းကူးမြို့နယ် နွေရာသီအခြေခံ မြန်မာ့သိုင်းသင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် ဧပြီ ၉**

လှည်းကူးမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၂၅ ခုနှစ်၊ နွေရာသီအခြေခံမြန်မာ့သိုင်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းသား၊သင်တန်းသူများက အခြေခံမြန်မာ့သိုင်းပညာများကို သရုပ်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးခင်ဇော်က သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသား၊သင်တန်းသူများကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခြေခံမြန်မာ့သိုင်းသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**အေးအေးနွဲ့ (ပြန်/ဆက်)**



သန်လျင်မြို့နယ် ဂီတအစည်းအရုံးနှင့်အလှူရှင်များစုပေါင်း၍ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရန် ဧပြီ ၈ ရက်က သန်လျင်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်ဝင်း(ဂီတစာဆို-တက်လူမော်-သန်လျင်)နှင့်အဖွဲ့ဝင်များက အလှူငွေကျပ်သိန်း လေးဆယ်ငါးသောင်းကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့်အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။
ဖြိုးသီဟ (ခရိုင်ပြန်ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ..................... ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ .....................



သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနတ်တန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုး ရငွေဖြင့် စာသင်ကျောင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီး စီးမှုကို ဧပြီ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

နွဲ့ယဉ်



မင်းလှမြို့နယ်၊ ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ဧပြီ ၉ ရက်က ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

သုတ



ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသင်းဝင် ၁၁၄ ဦးအား ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၃သန်းထုတ်ချေးခြင်းကို ဧပြီ ၉ ရက်က အုတ်ဖိုကျေးရွာ၌ ဆောင်ရွက်စဉ်။

နေဇ်လူး



ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ -၂၀၂၆ ခုနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ် ငန်း (VDP)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာရွေးချယ်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်က ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

အောင်ရဲကျော်



စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြောင်းကောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဧပြီ ၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ပုံညာ



ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Exit Strategy စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပိုင်ရန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၄၆ ဒသမ ၂ သိန်းကို အသင်းသူ၊ အသင်းသား ၅၁ ဦးအား ထုတ်ချေးခြင်းကို ဧပြီ ၉ ရက် နံနက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။

ကိုသက်


CITY FM Radio Station

မြို့တော်အသံလွှင့်ဌာန

၉-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | ခံစားတတ်ရင် မင်းအတွက် |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | ရန်ကုန် စာမျက်နှာ |
| ၁၁:၀၀ | မိုဘိုင်းလ်ဖုန်းအနုပညာ |
| ၁၂:၀၀ | နားဆင်မှတ်သားဖွယ်ဆောင်းပါးများ |
| ၁၂:၁၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၁၂:၃၀ | Song Title Track |
| ၁:၀၀ | ကမ္ဘာတစ်လွှားကသိမှတ်ဖွယ်ရာများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | ရန်ကုန် စာမျက်နှာ |
| ၃:၃၀ | Solo Art |
| ၄:၀၀ | Copy Copy Copy |
| ၄:၃၀ | Hip Hop Time |
| ၅:၀၀ | ခံစားတတ်ရင် မင်းအတွက် |
| ၅:၃၀ | International Modern Music |
| ၆:၀၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၆:၃၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | Hidden Playlist |
| ၈:၃၀ | English Oldies |
| ၉:၀၀ | မြန်မာ့ဂန္ဓဝင်တေးများ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| ည ၁၀:၀၀မှ ည ၁၁:၀၀ထိ | ညပိုင်းတရားတော်များ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

CITY FM Radio Station

မြို့တော်အသံလွှင့်ဌာန

၁၀-၄-၂၀၂၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော် |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | နှလုံးသားထဲကသံစဉ်များ |
| ၈:၃၀ | ၁၉၉၉ |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Duet Songs |
| ၁၀:၃၀ | စတိုင်ကျကျလူမှုဘဝ |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဖွယ်ဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | တမ်းတနေဆဲသီချင်းများ |
| ၃:၃၀ | နှလုံးသားထဲကသံစဉ်များ |
| ၄:၀၀ | သူ့ဘဝသူ့အနုပညာ |
| ၄:၃၀ | K Pop Songs |
| ၅:၀၀ | 1999 |
| ၅:၃၀ | ချစ်ခြင်းဖွဲ့သံစဉ် |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၈:၃၀ | English Oldies |
| ၉:၀၀ | ပြန့်လွင့်တေးသံမြန်မာသံ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| ည ၁၀:၀၀မှ ည ၁၁:၀၀ထိ | ညပိုင်းတရားတော်များ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |


## မိုင်းယောင်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ



**မိုင်းယောင်း ဧပြီ ၉**

မိုင်းယောင်းမြို့နယ်တွင် ယမန်နေ့ နံနက် ၁၀ နာရီက ပါမုန်ကျေးရွာ၊ နမ့်ခပ်ချောင်းတွင် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပသည်။

၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးနှင့်စပ်လျဉ်း၍ ဇီဝိတဒါနငါးလွှတ်ပွဲကို ကျင်းပရာ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နပ့်ခပ်ချောင်းအတွင်းသို့ ဇီဝိတဒါနကုသိုလ်ပြုငါးလွှတ်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝ ကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၉**

မြို့တော်သတင်းစာအား ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ်ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန်တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေးအပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ - ၇၅၀၃၆၂၆၊ Fax: 01-7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**

## အာနန္ဒာဘုရားကြီး အထွတ်စေတီ၊ ကွမ်းထောင်တော်၊ ဆင်းတုတော်မုခ်ဦးနှင့်နတ်ရုပ်ကြီးများ ရွှေသင်္ကန်းပြန်လည်ကပ်လှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ညောင်ဦး ဧပြီ ၉**

ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး အထွတ်စေတီ၊ ကွမ်းထောင်တော်၊ ဆင်းတုတော်မုခ်ဦးနှင့်နတ်ရုပ်ကြီးများ ရွှေသင်္ကန်းပြန်လည်ကပ်လှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက အာနန္ဒာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပက အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရွှေသင်္ကန်းကပ်လှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် ရွှေသင်္ကန်းကပ်လှူနိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ရွှေမိုက်လေလံတင်ဒါနှင့် ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က ဆွေးနွေးတင်ပြသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားကြီးကို ကျန်စစ်မင်းကြီးသည် သက္ကရာဇ် ၄၅၂ (အေဒီ ၁၀၉၁)တွင် တည်ထားပူဇော်ခဲ့ပြီး ပွင့်တော်မူပြီးဘုရားလေးဆူ (ဉာဏ်တော် ၃၁ ပေကျော်)ကို အတွင်းစင်္ကြံနှစ်ထပ်၊ အာရုံခံလေးဘက်၊ စေတီဉာဏ်တော် အမြင့် ၁၆၈ ပေ၊ ဖိနပ်တော်အလျား ၂၉၅ ပေ၊ အနုလက်ရာပေါင်းများစွာဖြင့် တည်ထားပြီး နှစ်ပေါင်း ၉၀၀ ကျော်တွင် ယိုယွင်းသည်များရှိခဲ့သော်လည်း ထိန်းသိမ်းမှုအစဉ်အဆက်ကြောင့် ပုဂံမူပဟန်မပျက်တည်ရှိနေသည့် စေတီတော်ပင်ဖြစ်သည်။

အာနန္ဒာဘုရားကြီးအထွတ်စေတီ၊ကွမ်းထောင်တော်၊ဆင်းတုတော်မုခ်ဦးနှင့်နတ်ရုပ်ကြီးများ ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် မြန်မာပြည်အရပ်ရပ်မှ ရွှေသင်္ကန်းပါဝင်လှူဒါန်းလိုပါကအာနန္ဒာဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းချို KBZ Pay ဖုန်းနံပါတ် 09-2042975 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဒီပါလင်း**



## တောင်တွင်းကြီးမြို့နယ် ရပ်ကွက်/ကျေးရွာများတွင် ရတနသုတ်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၉**

တောင်တွင်းကြီးမြို့နယ်တွင် ရတနသုတ်ပရိတ်တော်ရွတ်ဖတ်ပူဇော်ခြင်းကို ယမန်နေ့က ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းရှိ ဓမ္မာရုံများတွင် သံဃာတော်များက ရွတ်ဖတ်ပူဇော်ခဲ့ပြီး မြို့ပေါ် ၁၀ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၇၂ အုပ်စုတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများတွင် ရပ်ကွက်/ ကျေးရွာအလိုက် ဝတ်အသင်းများမှ ရတနသုတ်ပရိတ်တော်ကို ည ၇ နာရီမှစတင်ကာ ကိုးခေါက်ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး ဧပြီ ၈ ရက်မှ ဧပြီ ၁၆ ရက်အထိ ညစဉ်ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၉**

ပုဇွန်တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး သာသနာ့ဇောတိက ဓမ္မာရုံတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်မိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေဘုန်းပွင့်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်နွယ်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆားလင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနအမှူးရှိသည့် ဆရာတော်သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးရှိသည့် ဆရာတော်သံဃာတော်များက ပရိတ်ကြီး ၁၁ သုတ် ရွတ်ဖတ်ပူဇော်ကာ ရတနသုတ်ပရိတ်တရားတော်ကို ကိုးခေါက်တိတိ ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက်လှူဒါန်းမှုအစုစုနှင့်ပြုပြုသမျှ ကုသိုလ်များကို ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းပြီး အဆိုပါရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၈ ရက်မှ ၁၆ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။


အလားတူ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများတွင်လည်း ပရိတ်ကြီး ၁၁ သုတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ရတနသုတ်ပရိတ်တရားတော်ကိုးခေါက်တိတိရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

## ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ၊ Asia Center for Air Pollution Research (ACAP)နှင့် Clean Air Asiaတို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5μg) နှင့်အောက်သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် PM2.5 Monitor စက်တပ်ဆင်၍ လေအရည်အသွေး (PM2.5) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် PM2.5 တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့်




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ

ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်(Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသော အဆင့်၌ ၁၇ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# လျှင်ကြောင့် သေဆုံးသွားသည့် ဆောက်လုပ်ရေး အလုပ်သမားများအတွက် နစ်နာကြေး ဘတ် နှစ်သန်းပေးမည်

ဘန်ကောက် ဧပြီ ၉

**ထိုင်းနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်သွားသော ငလျင်ကြောင့် ဘန်ကောက်မြို့ရှိ ဆောက်လက်စ အထပ်မြင့်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားကာ ယင်းဖြစ်စဉ်တွင် အသက်ဆုံးရှုံးခဲ့သောအလုပ်သမားများအတွက် နစ်နာကြေး ဘတ်နှစ်သန်းအထိ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**

နစ်နာကြေးများကို ပြည်တွင်း၊ ပြည်ပ၊ ရွှေ့ပြောင်းအလုပ်သမားဟု မခွဲခြားဘဲ တန်းတူပေးအပ်သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Boon song Thapchaiyuth က ပြောသည်။



နစ်နာကြေးသည်ဘတ်တစ်သန်းမှ နှစ်သန်းအထိ ရှိမည်ဖြစ်ကာ ပြိုကျမှုကြောင့်သေဆုံးသွားသော ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံသားအလုပ်သမားများနှင့်တန်းတူထောက်ပံ့ပေးမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနများတွင် ဖော်ပြထားသည်။

အသက်ဆုံးရှုံးသွားသူများ၏ မိသားစုဝင်များအနေဖြင့် နစ်နာကြေးကို လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားချိန်မှစ၍ ၁၅ ရက်အတွင်း စိစစ်ပေးအပ်မည်ဖြစ်ကာ အလုပ်သမားများ၏ နစ်နာကြေးများအား လူမှုဖူလုံရေးရန်ပုံငွေအောက်မှ ရရှိနိုင်ရေးအတွက် အလုပ်ရှင်ဘက်က တာဝန်ယူလုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း သိရသည်။

(ref:Bangkok Post)




# ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်သစ် ထိုင်း မိတ်ဆက်

ဘန်ကောက် ဧပြီ ၉

**နိုင်ငံတကာ ခရီးသွားများအတွက် လွယ်ကူပြီး ရိုးရှင်းသည့် TAGTHAi ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်သစ်ကို ထိုင်းနိုင်ငံက မိတ်ဆက်လိုက်ကြောင်း သိရသည်။**

နိုင်ငံတကာခရီးသွားများ အဆင်ပြေစေရန်နှင့် လုံခြုံရေးအတွက် ဒီဇိုင်းထုတ်ထားသည့် TAGTHAi EASY PAY ငွေပေးချေမှုစနစ်သည် ထိုင်းနိုင်ငံတစ်ဝန်း ငွေပေးငွေယူလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ ငွေပေးချေမှုစနစ်ကို ခရီးသွားများအနေဖြင့် Thai QR Payment ကို အသုံးပြုပြီး မည်သည့်နေရာတွင်မဆို အလွယ်တကူ ငွေပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားများသည် သုဝဏ္ဏဘူမိနှင့် ဒွန်မောင်းလေဆိပ်များ အပါအဝင် Kasikorn Bank ၏ နိုင်ငံခြားငွေလဲခန်းများတွင် PAY&TOUR ကြိုတင်ငွေပေးကတ်ကို ရယူနိုင်ပြီး ပတ်စ်ပို့တင်ပြခြင်း၊ ငွေကြေးလဲလှယ်ခြင်းနှင့် လျှောက်လွှာသို့မဟုတ် ကတ်အခကြေးငွေများမပါဘဲ ကတ်အခမဲ့ရယူနိုင်ကြောင်း သိရသည်။

ကတ်လက်ခံရရှိပြီးနောက် သုံးစွဲသူများသည် iOS သို့မဟုတ် Android ဖုန်းများတွင် TAGTHAi အက်ပ်ကို ဒေါင်းလုဒ်လုပ်ကာ 'Easy Pay' ကို ရွေးချယ်ပြီး နိုင်ငံကူးလက်မှတ်နံပါတ်နှင့် ရည်ညွှန်းနံပါတ်ကိုကတ်တွင် ထည့်သွင်းချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ထို့နောက် သတ်မှတ်ထားသည့် ပင်နံပါတ်ကို အတည်ပြုကာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း စာတိုပေးပို့မှု ရရှိမည်ဖြစ်သည်။

(ref:BBC)

# ကွန်ဂိုတွင် ရုတ်တရက် ရေကြီးမှုကြောင့် လူ ၃၀ ကျော်သေဆုံး

ကင်ရှာဆာ ဧပြီ ၉

**ကွန်ဂိုနိုင်ငံ မြို့တော်တွင် ရုတ်တရက် ရေကြီးမှုများ ကြုံတွေ့ရပြီး လူ ၃၀ ကျော် သေဆုံးသွားကြောင်း အာဏာပိုင်များက ဧပြီ ၈ ရက်တွင် ပြောသည်။**

မြို့တော်ကင်ရှာဆာတွင် ပြီးခဲ့သည့် သီတင်းပတ်ကုန်ကစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုများ စတင်နေပြီး လူနေရပ်ကွက်များ ရုတ်တရက်ရေလွှမ်းသွားပြီးနောက် ဒေသခံများသည် ရေကူး၍လည်းကောင်း၊ လှေများလက်လုပ်ဖောင်များကို လှော်ခတ်၍လည်းကောင်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

လူဦးရေ ၁၇ သန်း နေထိုင်သည့် မြို့တော်သည် ကွန်ဂိုမြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး ကွန်ဂိုသမ္မတ ဖိလစ်ရှီဆက်ကာဒီက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားထားကာ ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် အာဏာပိုင်များကို ညွှန်ကြားထားသည်။

ကွန်ဂိုတွင် နှစ်စဉ် ရေကြီးမှုများ ကြုံရလေ့ရှိသော်လည်း လက်ရှိကာလတွင် ကွန်ဂိုမြစ်ရေသည် ဆယ်စုနှစ်ခြောက်ခုကျော်ကာလအတွင်း အမြင့်ဆုံးအဆင့်ထိ ရောက်နေကာ ကင်ရှာဆာမြို့တွင် ရေတိုက်စားလွယ်သည့် သဲဆန်သောအောက်ခြေမြေသားမျိုးရှိနေသည့် အပိုင်းများသည် ရေကြီးမှုဒဏ်ကို ပိုမိုခံစားရကြောင်း သိရသည်။

မြို့တော်တွင် စုစုပေါင်းခရိုင် ၂၆ ခု ရှိသည့်အနက် ထက်ဝက်ခန့်သည် ရေဘေးသင့်နေပြီး အထူးသဖြင့် မြို့၏ ဆင်ခြေဖုံးများနှင့် ဆင်းရဲသားရပ်ကွက်များသည် ရေကြီးသည့်ဒဏ်ကို ပိုမိုခံစားရကြောင်း၊ အချို့နေရာများတွင် ရေအမြင့်သည် ၅ ပေအထိ မြင့်တက်လျက်ရှိကြောင်း ကယ်ဆယ်ရေးများက ပြောသည်။

(ref:CNA)



# ရဲခေါင် စုစည်းတင်ပြသည်။

# ကျန်းမာရေးကဏ္ဍအတွက် Apple ထုတ်ကုန်များ၌ အေအိုင်ဆရာဝန်များ ထည့်သွင်း

နယူးယောက် ဧပြီ ၉

**Apple ကုမ္ပဏီသည် "Project Mulberry" အမည်ရှိ ကျန်းမာရေးအက်ပလီကေးရှင်းကို ဆောင်ရွက်နေပြီး ဆေးကုသမှုဆိုင်ရာ အကြံပြု ချက်များပေးနိုင်မည့် အေအိုင်ဉာဏ်ရည်တုစနစ်တစ်ခုကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။**

ထိုအက်ပ်သည် Apple Watch, iPhone နှင့် Air Pods ကဲ့သို့သော စက်များမှ ဒေတာများကို စုဆောင်းပြီး သတင်းအချက်အလက်များ ချိန်ညှိကာ လူတစ်ဦးချင်းအတွက် ကျန်းမာရေးအကြံပြုချက်များကို ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



ယခုအစီအစဉ်သည် ကျန်းမာရေးကဏ္ဍတွင် Apple အနေဖြင့် အကြီးမားဆုံး ပါဝင်မှုဖြစ်ပြီး ကျန်းမာရေးအက်ပ်အတွင်း အမှန်တကယ် ဆရာဝန်တစ်ဦး၏ လုပ်ဆောင်မှုများနှင့် ထပ်တူညီစေသော ဉာဏ်ရည်တုအေအိုင်ဆရာဝန်ပါဝင်မည်ဖြစ်ကာ ကျန်းမာရေးအခြေအနေများကို အမြန်ဆုံးသိမြင်နိုင်ရန် ဆောင်ရွက်ထားကြောင်း စီအီးအိုတင်မ်ကွတ်ခ်က ပြောသည်။

ထို့ပြင် ၎င်းအက်ပ်တွင် ဆေးပညာဗဟုသုတများကို ထည့်ပေးထားပြီး နှလုံးကျန်းမာရေး၊ အာဟာရနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကောင်းမွန်မှုတို့နှင့် ဆိုင်သည့် အကြောင်းအရာများ၊ ပညာပေးဗွီဒီယိုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(ref:AP)

# ပါကစ္စတန်ရှိ အထောက်အထားမဲ့ အာဖဂန်နိုင်ငံသား ထောင်နှင့်ချီ နေရပ်ပြန်ပို့

အစ္စလာမ်မာဘတ် ဧပြီ ၉

**ပါကစ္စတန်နိုင်ငံတွင် ဆယ်စုနှစ်ချီ နေထိုင်ကြသူများအပါအဝင် အထောက်အထားမဲ့ အာဖဂန်နိုင်ငံသားများကို နိုင်ငံထဲကထွက်သွားရန် နေရပ်ပြန်ပို့ရေးအစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း ပါကစ္စတန် အစိုးရက ဧပြီ ၈ ရက်တွင်ပြောသည်။**

ပြီးခဲ့သည့်မတ်လတွင် ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက တရားမဝင် နိုင်ငံခြားသားများနှင့် အာဖဂန်နိုင်ငံသားကတ် ကိုင်ဆောင်ထားသူအားလုံးကို မတ်၃၁ရက်နောက်ဆုံးထားပြီးပါကစ္စတန်နိုင်ငံထဲက ထွက်သွားရန်ညွှန်ကြားချက် ထပ်ထုတ်ပြန်ခဲ့ပြီး ဧပြီ ၁ ရက်ကစ၍ ပြည်နှင်ဒဏ်ပေးမည်ဟု သတိပေးခဲ့သည်။



သို့ရာတွင် ဧပြီ ၇ ရက်၌ ထောင်ချီသည့် အာဖဂန်ဒုက္ခသည်များသည် ထော့ခမ်နယ်စပ်ကို ဖြတ်ပြီး ဆက်တိုက်ဝင်လာနေကြသဖြင့် ပါကစ္စတန်ရဲများက စိစစ်ပြီး နေရပ်ပြန်ပို့ရေးကို အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

(ref : Reuters)

## မသဲကွဲသော အိပ်မက် မြန်မာရုပ်သံဇာတ်လမ်းတွဲ ပြသ




**ရန်ကုန် ဧပြီ ၉**

ခရေဖြူထုတ်လုပ်ရေးမှ ဝတ္တု လမင်းမိုမို၊ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) ရိုက်ကူးသော "မသဲကွဲသောအိပ်မက်" မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ပထမပတ်မှစတင်၍ Canal+ Myanmar Zat Lenn ရုပ်သံလိုင်းတွင် ပြသလျက်ရှိသည်။

အိမ်ထောင်ရေး ပညာပေးဇာတ်လမ်းတွဲတွင် အောင်ရဲလင်း၊ အောင်လေး၊ သူရိယ၊ နန်းဆုဦး၊ နော်ဖောအယ်ထား၊ ထူးမွန်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**KKYS**

## ဒါရိုက်တာ သားကြီးရိုက်ကူးသော သင်္ကြန်မာယာ ရုပ်သံဇာတ်လမ်းတွဲ ပြသမည်

**ရန်ကုန် ဧပြီ ၉**

ဇာတ်လမ်းနှင့် ဇာတ်ညွှန်း ဒီဒီထက်အောင်၊ ဒါရိုက်တာ သားကြီးရိုက်ကူးသော "သင်္ကြန်မာယာ" မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၉ ရက်မှ စတင်၍ Channel 9 Myanmar ရုပ်သံလိုင်းတွင် ပြသမည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် လွှမ်းပိုင်၊ မင်းသွေးခန့်၊ မေတိုးခိုင်၊ ဖြူသဲဦး၊ ထက်လူ၊ စိုင်းအောင်တင့်၊ ရွှေရောင်နီ၊ သုန္ဒြေဦး၊ ဟန်နီခေတ်၊ ကြယ်စင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားသည်။ နေ့စဉ် ည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**KKYS**




## ပတ္တမြားရပ်ရှိ မိုးလုံလေလုံဇာတ်ခုံကြီး ကုသိုလ်ပြုဆောက်လုပ်

**ရန်ကုန် ဧပြီ ၉**



ငလျင်ဘေးသင့်ပြည်သူများအတွက် မန္တလေးတွင် ကယ်ဆယ်ရေးစခန်းအဖြစ် သက်ကြီးရွယ်အိုများနှင့်ကလေးငယ်များ နေထိုင်ရေးအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဖိုးချစ် ဦးဆောင်မှုဖြင့် ဝီရိယမင်းသား ဝင်းနောင်၏ မန္တလေးမြို့၊ စိန်ပန်းသံနောက် အ.လ.က (၃၃) ပတ္တမြားရပ်ရှိ မိုးလုံလေလုံဇာတ်ခုံကြီးကို ဧပြီ ၆ ရက်တွင် ကုသိုလ်ပြုဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်အနုပညာဦးစီးဌာန ခရေရိပ်သာရှိ ငလျင်ဒဏ်သင့် သေဆုံးသူ ၁၀ ဦး၊ အိုးအိမ်မဲ့ မိသားစု ၈၅ စုနှင့် အခြား မိသားစုများအတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဦးဆောင်မှုဖြင့် ဆန်အိတ် ၆၀၊ ဆီ သုံးပိဿာပုံး ၂၃၉ ပုံးနှင့်ငွေသား ၄၂၄ သိန်းလှူဒါန်းခဲ့ကြသည်။

ငလျင်ဘေးသင့်သူများနှင့် စားဝတ်နေရေး ခက်ခဲသူများအတွက် တစ်နေ့လျှင် လူ ၁၀၀၀ စာ မနက်၊ ည စတုဒိသာများ ကျွေးမွေးခြင်း၊ ကျွေးမွေးမှုပြုသောရပ်ကွက်တိုင်းတွင်ဘုန်းကြီးငါးပါးပင့်၍ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းပြီး ကွယ်လွန်သူများအတွက် အမျှပေးဝေခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**KKYS**

## ဆောက်သမ်တန်အသင်း နည်းပြ ဂျူးရစ် ရာထူးမှ နုတ်ထွက်



**ဧပြီ ၉**

ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် နည်းပြ ဂျူးရစ်အနေဖြင့် အသင်းမှနုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြ ဂျူးရစ်သည် ဆောက်သမ်တန်အသင်းကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလက စတင်တာဝန်ယူခဲ့ပြီး အသင်းနှင့် ၁၈ လ စာချုပ်ချုပ်ဆိုခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခြင်း မရှိဘဲ အမှတ်ပေးပြိုင်ပွဲ ၁၄ ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်သာ စွမ်းဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုတွင်အသင်းအနေဖြင့် ပရီးမီးယားလိဂ်မှ အစောဆုံး တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ထို့နောက် နည်းပြ ဂျူးရစ်အနေဖြင့် စာချုပ်သက်တမ်းတစ်နှစ်ကျော် ကျန်ရှိနေသေးသော်လည်း အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သောကြောင့် လက်ရှိတွင် ဆောက်သမ်တန်အသင်းကို ဆိုင်မွန်ရက်ခ်က ယာယီနည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကာ လက်ထောက်နည်းပြအဖြစ် ကစားသမား လယ်လာနာက တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်**

## နည်းပြ ဒီဇာဘီနှင့်ဆက်ဆံရေး တင်းမာမှုကြောင့် မာဆေးအသင်းမှထွက်ခွာရန် ဂရင်းဝုဒ် ပြင်ဆင်




**ဧပြီ ၉**

မာဆေးအသင်း တိုက်စစ်ကစားသမား ဂရင်းဝုဒ်သည် နည်းပြ ဒီဇာဘီနှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းမှ ပြန်လည်ထွက်ခွာရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဂရင်းဝုဒ်သည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ မာဆေးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင် ၂၈ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ၁၆ ဂိုး သွင်းယူနိုင်ခဲ့ပြီး အသင်းတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

သို့သော် နည်းပြဒီဇာဘီက လေ့ကျင့်ရေးအစီအစဉ်တွင် ဂရင်းဝုဒ်၏ စွမ်းဆောင်ရည်ပိုင်း၊ ကြိုးစားအားထုတ်မှုပိုင်းနှင့်ပတ်သက်ပြီး စိတ်ကျေနပ်မှုမရှိသည့်အတွက် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကာ လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသည်။

နည်းပြ ဒီဇာဘီကိုယ်တိုင်ကလည်း ဂရင်းဝုဒ်ကို ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး လူသိရှင်ကြားဝေဖန်ပြောကြားခဲ့ပြီးနောက် ဂရင်းဝုဒ်နှင့် နည်းပြ ဒီဇာဘီတို့အကြား ဆက်ဆံရေးတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ပြီး လက်ကျန်ပွဲစဉ်များတွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရမည်ဆိုပါက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**သူရိန်**

## အာဆင်နယ်အသင်း ရီးရဲလ်မက်ဒရစ်ကို ဂိုးပြတ်အနိုင်ရ၍ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်း

**ဧပြီ ၉**


ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ယနေ့ နံနက်အစောပိုင်းက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ် အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ရရှိလာသည့် အခွင့်အရေးများကို အကောင်းဆုံးအသုံးချပြီး ဂိုးပြတ်နိုင်ပွဲရရှိခဲ့ကာ နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး အခွင့်အရေးကိုယ်စီ ရရှိခဲ့ကြသော်လည်း ဂိုးသမားများ လက်စွမ်းပြသနေခြင်းကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိ သရေဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲကစားချိန် ၅၈ မိနစ်နှင့် ၇၀ မိနစ်တွင် ဒီကလန်ရိုက်စ်၏ လုပသည့် Free-kick ကန်ချက်ဖြင့် အာဆင်နယ်အသင်း ဦးဆောင်ဂိုးများရရှိခဲ့သည်။ ထို့နောက် ရီးရဲလ်မက်ဒရစ် အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများကို အသုံးချနိုင်ခြင်း မရှိခဲ့ဘဲ အာဆင်နယ်အသင်းကသာ ပွဲကစားချိန် ၇၅ မိနစ်တွင် မာရီနို၏သွင်းဂိုးဖြင့် တတိယမြောက် အနိုင်ဂိုးရရှိခဲ့သည်။

အဆိုပါပွဲစဉ်၏ ပွဲကစားချိန် ၉၄ မိနစ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။



အခြား ချန်ပီယံလိဂ်ပွဲစဉ်တွင် အင်တာမီလန်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သူရိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်-၅၊ မြေကွက်အမှတ် ၄၇၃၊ ဧရိယာ ၀.၀၈၃ ဧက၊ မြေကွက်တည်နေရာအမှတ်- ၄၇၃၊ ပတ္တမြားလမ်း၊ စက်မှုဇုန် အပိုင်း-၅၊ လှိုင်သာယာမြို့နယ်၊ ဒေါ်မြင့်မြင့် (၁၄/ပသရ(နိုင်)၀၈၁၈၃၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့် (၁၄/ပသရ(နိုင်)၀၈၁၈၃၉) ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ်များတွင် ဒေါ်မြင့်မြင့်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းများနှင့်ပတ်သက်၍ အဆိုပါဘဏ်ချေးမြေပုံများအား ဘဏ်တွင်ချေးငွေထုတ်ယူအသုံးပြုခဲ့ပြီးနောက် ချေးငွေများအား ပြေကြေစွာပေးဆပ်ပြီး ဘဏ်တွင်အာမခံအဖြစ် ပေးအပ်ထားသောစာချုပ်စာတမ်း၊ ဂရန်မူရင်းများအား လက်ဝယ်ပြန်လည်ရရှိပြီးနောက် ဘဏ်ချေးမြေပုံမူရင်းများမှာ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း၊ အဆိုပါဘဏ်ချေးမြေပုံများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃၊ မြေကွက်အမှတ်- ၂၈၃/က၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်- (၂၈၃/က)၊ သီရိမင်္ဂလာပတ်လမ်း၊ အုတ်ဖိုရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမြင့်စိန် (WAW- ၀၆၅၄၅၂) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးမြင့်စိန်(ခင်ပွန်း)ဖြစ်သူသည် (၂၆-၁၀-၂၀၁၈) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝေ (၁၂/ဒဂန(နိုင်) ၀၁၅၇၀၄)မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါ ၎င်းအမွေဆက်ခံပိုင်ဆိုင်လာခဲ့သော မြေကွက်နှင့်ပတ်သက်၍ မြေချပါမစ်မူရင်းမှာ မိမိနေအိမ်တွင် ပစ္စည်းအပြောင်းအရွှေ့များကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ ယင်းမြေကွက်နှင့်ပတ်သက်သည့် မြေချပါမစ်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း လုံးဝမရှိပါကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၁၂၈၅/၂၀၂၄(၂-၂-၂၀၂၄)ခင်ပွန်းဖြစ်သူ၏ သေစာရင်း၊ ခင်ပွန်းဖြစ်သူ ဦးမြင့်စိန်ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝေကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၁၂၈၈/၂၀၂၄(၂-၂-၂၀၂၄)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ ခ၊ မြေကွက်အမှတ် ၄/၃၄၄ ၊ ဧရိယာ- ၀၂၁၈ ဧက၊ မြေကွက်တည်နေရာအမှတ် (၄/၃၄၄)၊ ကာယ(၁၂)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက် အတည်ပြု ငယ်စာရင်းအမည်ပေါက် ဦးမျိုးဝင်း (၉/မမန(နိုင်)၀၂၂၅၀၁) ကိုယ်တိုင်မှ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု ယခင်မြေယာအထောက်အကူပြုအဖွဲ့၏ ၂၀-၈-၂၀၂၄ ရက်စွဲပါ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သဃ်န်းကျွန်းကြီးကျေးရွာ အုပ်စု အုပ်ချုပ်ရေး မှူးရုံး၏ ၂၁-၈-၂၀၂၄ ရက်စွဲပါ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မင်္ဂလာဒုံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်း၊ ၂၆-၈-၂၀၂၄ ရက်စွဲပါ ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကြော်ငြာ ကဏ္ဍ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ် (၅၈၆)၊ မြေကွက်တည်နေရာအမှတ်(၅၈၆)၊ သမာဓိလမ်းသွယ်(၄)လမ်း၊ (၃၉/ဘီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကြည်ရှိန် (၁၂/တမန(နိုင်) ၀၃၃၅၇၁) (CF – ၀၁၉၃၃၄) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးကြည်ရှိန် (၁၂/တမန(နိုင်)၀၃၃၅၇၁) (CF – ၀၁၉၃၃၄) (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းစိန် (၁၂/အစန(နိုင်)၁၃၉၁၇၆)မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးကြည်ရှိန်၏ သေစာရင်းသွင်း မိတ္တူမှန်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မြေစာရင်းမှတ်ချက်(၁)ရှိ ပါမစ်မူရင်းကို ဘဏ်နှင့်လဲလှယ်ဆဲမှတ်ချက်နှင့်ပတ်သက်၍ ၎င်း၏ခင်ပွန်းဖြစ်သူသည် ဘဏ်တွင် ချေးငွေအကြေပေးဆပ်ပြီး သက်ဆိုင်ရာဌာနတွင် ဂရန်နှင့်လဲလှယ်ခဲ့ပြီး ယနေ့အချိန်ထိ အဆိုပါဂရန်မူရင်းမှာ ၎င်း၏လက်ဝယ်တွင်သာရှိပါကြောင်း၊ အဆိုပါ ပါမစ်မူရင်းကို ဘဏ်နှင့်လဲလှယ်ဆဲမှတ်ချက်နှင့်ပတ်သက်၍ ၎င်းမှတာဝန်ယူပါကြောင်း ဌာနဝင်စာ ၁၃၉၈၇/၁၆-၁၁-၂၀၂၃ ရက်စွဲပါစာဖြင့် ကျမ်းကျိန်လွှာတို့ပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မြေပြင်တွင် RC (၁)ထပ်တိုက် (၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါ သည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း ကွင်းဆင်းပုံစံပေါ်တွင် ဒေါ်သန်းစိန်မှ လက်မှတ်ရေးထိုးပေးပါသဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ကျင်း၊ မြေကွက်အမှတ် က/၃၀၂ ၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာအမှတ်- ၆၊ မြို့ပတ်လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးရွှေမြင့် (၁၂/ဒပန(နိုင်)၀၂၁၇၃၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးရွှေမြင့်အပေါ် တရားပြိုင်ထားကာ ဒေါ်စန်းဝေမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၈.၈.၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့်တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၂/၂၀၂၃ ၏ (၁၉.၁၂.၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၂၈.၁၂.၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၁၆၀(က)/ ၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁) မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၀၆၊ မြေကွက်တည်နေရာအမှတ်- ၁၃၀၆ ၊ ဗိုလ်မှူးဗထူးလမ်း၊ (၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးမြင့်ဝေ (၁၂/မဘန(နိုင်)၀၆၄၇၁၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်ဝေအား (တရားပြိုင်)ထားကာ ဒေါ်သန်းအိ (၁၂/မဂတ(နိုင်)၀၄၉၇၄၄)မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စား ဘီလစ် ဒေါ်မြင့်မြင့်ကြည် (၁၂/ဒပန(နိုင်)၀၂၈၃၄၂) မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၃၆/၂၀၂၄ (၂၄.၁၂.၂၀၂၄)၊ တရားမဇာရီမှုအမှတ် (၃၂/၂၀၂၄) (၆.၁.၂၀၂၅)၊ တရားရှုံးအပေါ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၁ ထပ် အဆောက်အဦ (၁)လုံးရှိပြီး (၁)ခန်းတွင် (တရားနိုင်)နေထိုင်ပြီး ကျန်(၁)ခန်းတွင် ဓာတ်ပုံဆိုင်ကိုငှားရမ်းထားပါသည်။ (တရားနိုင်)မှ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်းနှင့် (၁)ခန်းအား ဓာတ်ပုံဆိုင်ကိုငှားရမ်းထားခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝကို တာဝန်ယူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ ၊ မြေကွက်အမှတ် ၁၀၅/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၁၀၅/က)၊ စက္ကဝတ်(၅)လမ်း၊ (ဈ) ရပ်ကွက်၊ ဦးအောင်သိန်း (၁၂/ဥကမ(နိုင်)၁၀၄၇၀၃) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်သိန်း(ဖခင်)သည် (၁၂-၄-၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်မြခင်(မိခင်)သည် (၂၄-၃-၂၀၁၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ညွန့်စိန် (၁၂/ဥကမ(နိုင်)၀၆၁၆၅၇)၊ ဒေါ်မြင့်မြင့်သိန်း (၁၂/ဥကမ(နိုင်)၁၀၂၆၉၁)၊ ဒေါ်စန်းစန်းရီ(ခ)ချိုချို (၁၂/ဥကမ(နိုင်)၁၀၂၈၂၅)၊ ဒေါ်ပိုပိုလေး(၁၂/ဥကမ(နိုင်)၁၀၂၈၂၇)၊ ဒေါ်ခင်မြမြ (၁၂/ဥကမ(နိုင်)၁၀၄၆၆၂)၊ ဒေါ်ဝင်းဝင်းဆန်း (၁၂/ဥကမ(နိုင်)၁၀၄၄၆၈)၊ ဒေါ်စန်းစန်းအေး (၁၄/ပတန(နိုင်)၀၄၉၀၀၁)တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားသမီး(၇)ဦး တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၆၅၄/၂၀၂၄/၁၈-၁၂-၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ မိမိတို့၏ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်- ၂၈၃၀/၂၀၂၄/၁၉-၁၂-၂၀၂၄၊ ဝင်စာအမှတ်- ၃၁၈၃/၂၉.၃.၂၀၂၅ ရက်စွဲဖြင့် ပိုင်ဆိုင်မြေပုံရရှိ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုပြီးပါက ဂရန်မိတ္တူလျှောက်ထားရမည်ကိုသိရှိကြောင်း ဝန်ခံကတိတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၉၆၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၆၉/ခ)၊ ဓမ္မရာဇာလမ်း(၃၀)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သောင်း (DDE – 103558) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးခင်မောင်(ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်လှိုင် (၁၂/ဥကတ(နိုင်)၀၈၇၁၅၀)၊ ဦးမျိုးနိုင်ဦး (၁၂/ဥကတ(နိုင်)၀၈၆၉၉၆)တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၇၁၇/၂၀၂၄(၆-၉-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄ ၊ မြေကွက်အမှတ်- ၄၅၇၊ မြေကွက်တည်နေရာအမှတ်- ၄၅၇၊ သရဖီ-၆ လမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော် (CJ – ၀၄၀၄၇၀) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြနှစ် (၁၂/ဒလန(နိုင်)၀၁၀၅၄၁)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ မြေတိုင်းအမှတ်(၄)၊ မြေကွက်အမှတ် (၈၈၁-က)၊ အမှတ်(၈၈၁-က) တွင် (၆)ထပ်တိုက် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၁၈-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၃၆၂/၃၆၁/စည်ပင်-ယာ(အုံ)မြေအမည်ပေါက် မြေရှင်ဒေါ်စန်းရီ၊ လိုင်စင်ရကန်ထရိုက်တာ ဦးမျိုးဆွေ(LC-၁၀၈၀) နှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးမင်းကျော်သူ(LS-၅၁၂)တို့ဖြင့်ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ(၆)ထပ်တိုက်အဆောက်အအုံ၏ လိုင်စင်ရကန်ထရိုက်တာ ဦးမျိုးဆွေ(LC-၁၀၈၀)အား ကန်ထရိုက်တာလိုင်စင်လုပ်ကိုင်ခွင့် ရုပ်သိမ်းထားပါသဖြင့် လိုင်စင်ရကန်ထရိုက်တာကင်းလွတ်ခွင့်ဖြင့် အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)ခွင့်ပြုပေးပါရန်မြေရှင်ဒေါ်စန်းရီမှတင်ပြလာခြင်း နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းလျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငွေတိုးချဲ့)၊ မြေကွက်အမှတ်(၂၆)၊ (၄၈၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ သုနန္ဒာလမ်း၊(ငွေတိုးချဲ့)ရပ်ကွက်၊ ဦးစိန်တင်ညွန့် (၉/အမရ(နိုင်) ၀၀၃၂၂၃)၊ အမည်ပေါက် (၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးစိန်တင်ညွန့်ထံမှ (၂၀-၁၂-၂၀၂၂) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ခင်ခင်ဦး၊ ဒေါ်ဖူးဖူးဟေမာန်ကျော်တို့မှ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၀/၂၀၂၄ ဖြင့် ဦးစိန်တင်ညွန့်အပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၂၉-၁၁-၂၀၂၄) ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် -၂၂/၂၀၂၅၊ (၂၂-၁-၂၀၂၅) ရက်စွဲပါ အမိန့်ရတရားရှုံးကိုယ်စား ဘီလစ် ဒေါ်ခင်နှင်းရီ (၁၂/မရက(နိုင်)၁၅၃၈၂၆)မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၇၃၀၊ မြေကွက်တည်နေရာအမှတ်(၇၃၀)၊ ဗိုလ်ဥက္ကာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝင်းကြည် (TKA-၀၂၀၅၇၄) အမည်ပေါက်နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးဝင်းကြည် (TKA-၀၂၀၅၇၄) (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်စောသိန်း (၁၂/ဒပန(နိုင်) ၀၁၀၄၈၀)မှ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မူရင်းမှာ နေအိမ်အပြောင်းအရွှေ့ကြောင့် ပျောက်ဆုံးပျက်စီးသွားခဲ့ပါကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ ဒေါ်ခင်စောသိန်းမှ Gp အမှတ် (၆၂၆၁/၃၁.၃.၂၀၂၃) ဖြင့်ရသူ ဒေါ်သီတာစု (၆/သရခ(နိုင်) ၀၈၄၄၁၇)မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် ဒဂမ/ဂရန်မိတ္တူ -၂၀၂၄၀၂၀၈၆၀/၂၀၂၄(၈.၆.၂၀၂၄)ဖြင့် ဒေါ်သီတာစု(၆/သရခ(နိုင်)၀၈၄၄၁၇)မှ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း (Town Land Roll)တွင် အမှုတွဲအမှတ်-ဆခ/နမ/၁၂၃၆(၉၅) (၂၈.၉.၉၅)ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄/စက်မှုဇုန်)၊ မြေကွက်အမှတ် -၂၇၃မြေကွက် တည်နေရာ အမှတ်-၂၇၃ ၊ ပန်းလှိုင်လမ်း၊ (၆၄) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးတင်ဝင်း (AA-001756) အမည်ပေါက် နှစ် (၆၀) စက်မှုမြေငှား ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ဝင်းအားတရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၂၄ ခုနှစ်တွင် ၁။ ဦးအောင်နိုင်သူ (ခ) တင်မျိုးအောင် ၂။ ဒေါ်အေးအေးစမ်းတို့မှ တရားလိုများပြုလုပ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၁၅.၇.၂၀၂၄) တွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၂၃/၂၀၂၄၊ နေ့စဉ်မှတ်တမ်း၊ (၁၇.၁.၂၀၂၅) ခုနှစ်တွင် ဘီလစ်ခန့်အပ်ရန် ချမှတ်သည့်ထုံးပုံကျ အပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တရားရုံး၊ (၂၂.၁.၂၀၂၅) ရက်စွဲပါစာအမှတ် -၆၄/၅-၁/၂၀၂၅ ၏ ဘီလစ်ခန့်စာတရားရှုံးကိုယ်စား ဘီလစ် ဒေါ်သန်းမြင့်ခိုင် (ခ) သန့်သန့်ခိုင် (၁၂/သဃက(နိုင်) ၀၉၂၅၆၂) မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ၊ ဝါးကပ်ခြံစည်းရိုးကာရံထား၍ မြေကွက်လပ်ဖြစ်ပြီး တရားနိုင် ဦးအောင်နိုင်သူ၊ တရားနိုင်ဒေါ်အေးအေးစမ်းတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် / အရေအတွက် |
|---|---|
| (က) | Firewall Licence (၂) ခု / V x Rall Server (1) Lot / Desktop (၃၀)လုံး |
| (ခ) | ဘိလပ်မြေ(၅၁၉၂၇၁) အိတ်/ကတ္တရာ(၁၅၀၀)တန် /ရေရောကတ္တရာ (၇၀) တန်/ Thermoplastic(၂)မျိုး(၁၀၀၀) တန် |
| (ဂ) | ဒီဇယ်ဆီ(၅၆၅၀၀၀)ဂါလန်/ ပရီမီယံဒီဇယ်ဆီ(၇၆၀၀၀)ဂါလန် / ဓာတ်ဆီ (၃၂၀၀၀)ဂါလန် |
| (ဃ) | PAC Powder Bag (၇၀၀၀၀) အိတ် / NaOCL Solution(၅၇၉)$m^3$ |
| (င) | မြစ်ကျောက်စရစ် (၂၁၀၀၀) ကျင်း/ မြစ်သဲ (၁၇၅၀၀) ကျင်း /လိပ်သဲကျောက်(၃) မျိုး(၆၀၀၀) ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉ - ၄ - ၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၅- ၄ -၂၀၂၅ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၈၂၀)၊ မြေကွက်တည်နေရာအမှတ်-၈၂၀၊ ကျွန်းရွှေမြိုင်လမ်း၊ ၁၈ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးသိန်းအောင်(RGN-၀၁၆၂၄၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးသိန်းအောင်ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၇၉၄၆/၁၄ (၁၇-၁၁-၂၀၁၄)ဖြင့် ဒေါ်လှတင် (၁၂/ဒဂတ(နိုင်) ၀၉၅၅၆၅) အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်လှတင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၄၀၆၅/ ၂၀၁၆ (၂၅-၇-၂၀၁၆)ဖြင့် ဝယ်ယူသူ ဒေါ်အေးမြင့် (၁၂/သဃက(နိုင်) ၀၇၈၉၀၀) မှ ထပ်မံပိုင်ဆိုင်ခဲ့ပြီး ဇနီးဖြစ်သူဒေါ်အေးမြင့်သည် (၁-၅-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးဝင်းရွှေ (၁၂/ရကန(နိုင်) ၀၅၅၂၃၁)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော ခင်ပွန်း/ယောကျ်ား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၃၄၈/၂၀၂၅ (၂၈-၂-၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဇနီးသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမြေနေရာပြသ၍ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးဝင်းရွှေ၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၅၉၃/ခ၊ မြေကွက်တည်နေရာအမှတ် (၅၉၃/ခ)၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၇) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးအောင်ဝင်း (၁၂/ဒဂတ (နိုင်) ၀၆၆၇၅၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်ဝင်း ခင်ပွန်းဖြစ်သူသည် (၁၅-၃-၂၀၂၄) ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်စန်းရီ (၁၂/လကန(နိုင်) ၀၆၇၄၄၅) မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူမိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၁၄၇/၂၀၂၄(၆-၁၂-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ၂၀၁၉ ခုနှစ်ဘဏ်ချေးမှတ်ချက်အားရှင်းလင်းရန် အကြောင်းကြားလာခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုပါ ၂၀၁၉ ခုနှစ်က လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းသည် အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသိမှားယွင်းကာ ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ် -၂/၁၆၁၁/၂၀၂၅ (၂၄-၂-၂၀၂၅)၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC(၁)ထပ်(၁)လုံးရှိပြီး ကိုယ်တိုင်နေ၊ လျှောက်ထားသူ၏ သမီးဖြစ်သူ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ကွင်းဆင်းစစ်ဆေးချိန်တွင် ဒေါ်စန်းရီမှ ခရီးလွန်နေပါသဖြင့် သမီးဖြစ်သူအား အိမ်စောင့်အဖြစ်ထားရှိ၍ ၎င်းမှခရီးပြန်လည်ရောက်ရှိလာပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုဝင်စာအမှတ်-၂၉၉၈(၂၅-၃-၂၀၂၅) တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၉၅၁၊ မြေကွက်တည်နေရာအမှတ်-၉၅၁၊ ကျောက်စိမ်း(၇)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိုးမြင့် (N/RGN-၀၀၃၉၄၃)နှစ်(၆၀)မြေငှားစာချုပ်ဂရန် အမည်ပေါက် ဦးစိုးမြင့် မြေကွက်အား ဦးစိုးမြင့်၊ ဒေါ်နန်းဝင့်ကျော်၊ ဦးအောင်နိုင်ထွန်း၊ ဒေါ်အေးခိုင်ကျော်တို့အား (တရားပြိုင်)ထားကာ ဒေါ်နွေမာမြင့်မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်ခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်-၄၁၆/၂၀၂၂ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၇-၁၀-၂၀၂၂) ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၂၅၆/၂၀၂၂ တို့အရ တရားရှုံးကိုယ်စား တရားရုံးဘီလစ် ဒေါ်မြသိင်္ဂီအောင် (၁၁/စတန (နိုင်) ၀၅၅၀၉၄)မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

သဃင်္န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ်(၂၄၄/ခ) မြေကွက်တည်နေရာအမှတ် (၂၄၄/ခ)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ဒေါ်ခင်မြဝေ (၁၂/သဃက (နိုင်) ၀၀၁၉၁၅) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြဝေမှ ဂရန်မိတ္တူ လျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စီစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ် - သဃက/ဂရမိတ္တူ-၂၀၂၄၀၀၈၆၈၂/ ၂၀၂၄ (၅-၃-၂၀၂၄) ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ် - သဃက/ ဂရသ-၁၈၇၅/၂၀၁၂ ဖြင့် ထုတ်ပေးထားသည့် မူလဂရန်မူရင်းကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၆၁၅၊ မြေကွက်တည်နေရာ အမှတ်-၆၁၅၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ ဒေါ်ဖြူဖြူဝင်းကြည် (PKG-၀၂၂၀၂၅) နှစ်(၆၀)မြေငှားစာချုပ်ဂရန် အမည်ပေါက် ဒေါ်ဖြူဖြူဝင်းကြည် မြေကွက်အား ဒေါ်ဖြူဖြူဝင်းကြည်နှင့် ဒေါ်ရင်မြတို့အား တရားပြိုင်ထားကာ ဒေါ်မြစိမ်းရည်မှ တရားလိုပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၉/၂၀၂၀ ဖြင့် ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၇-၁၂-၂၀၂၁)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၁၄၃/၂၀၂၂ တို့အရ တရားရှုံးကိုယ်စား တရားရုံးဘီလစ် ဒေါ်မြသိင်္ဂီအောင် (၁၁/စတန (နိုင်) ၀၅၅၀၉၄)မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၂၀၀၆)ခုနှစ်တွင် ဒေါ်ဖြူဖြူဝင်းကြည်မှ အရောင်းမြေပုံကူး လျှောက်ထားခြင်းနှင့်ပတ်သက်၍ တရားနိုင်ပေါ် မြစိမ်းရည်မှ ဝယ်ယူခဲ့စဉ်က ပေးအပ်ခဲ့သည့် ဒေါ်ဖြူဖြူဝင်းကြည် ရေးကူးထားသော မြေပုံမြေရာဇဝင်မူရင်းမှာ မိမိ၏လက်ဝယ်တွင် ပျောက်ဆုံးနေသည့်အတွက် မတင်ပြနိုင်ခြင်းဖြစ်ပြီး အဆိုပါမြေပုံမြေရာဇဝင်ကို အသုံးပြု၍ မည်သည့်လွှဲပြောင်းမှုများကိုမျှ ပြုလုပ်ထားခြင်းမရှိသည်ကို တာဝန်ယူပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၄၉၇)၊ မြေကွက်တည်နေရာအမှတ်-၄၉၇၊ ဓမ္မာရုံလမ်း၊ ၄၇-ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးထွန်းအောင်ကြီး (BF-၀၀၃၅၀၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးထွန်းအောင်ကြီး မြေကွက်အား အမည်ပေါက် ဦးထွန်းအောင်ကြီး (ဖခင်)နှင့် ဒေါ်ခင်ညွန့်ရီ(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ချိုမမအောင် (၁၂/မရက(နိုင်)၀၈၄၆၀၉)၊ ဦးချစ်ကိုကိုအောင် (၁၂/မရက(နိုင်) ၀၇၀၄၉၆)တို့မှ သားသမီးများတော်စပ်ကြောင်း၊ အခြားမွေးချင်းများတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိဘများမှာ မိမိတို့မောင်နှမနှစ်ဦးကိုသာ မွေးဖွားခဲ့ပြီး ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း၊ အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်တိုက်တစ်လုံးနှင့် တစ်ထပ်ခွဲအိမ်တစ်လုံးရှိပြီး လျှောက်ထားသူများနေထိုင်ကာ ကျန်အခြမ်းတွင်အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအေးချမ်းမိသားစုအား ရောင်းချထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ချိုမမအောင်+၁ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# တွံတေးမွေးမြူရေးဇုန်(၂)အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ခြံများ ပြိုလဲကျခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၉**

တွံတေးမြို့နယ်အတွင်း မေ ၇ ရက်က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် တွံတေးမြို့နယ်၊ တွံတေးမွေးမြူရေးဇုန်အတွင်း ဇုန် (၁)၊ ဇုန်(၂)၊ ဇုန်(၃)ဟူ၍ အပိုင်း သုံးပိုင်းရှိသည့်အနက် ဇုန်(၁)နှင့်(၃)တွင် ထိခိုက်ပျက်စီးမှုမရှိသော်လည်း ဇုန်(၂)အတွင်းရှိ ကြက် မွေး မြူရေးခြံများ၊ ဝက်မွေးမြူရေးခြံများနှင့် နွားမွေးမြူရေးခြံများ ပြိုလဲကျခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများသည် ခြံများပြိုလဲကျခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တွံတေးမွေးမြူရေးဇုန်(၂)အတွင်းရှိ ပြိုလဲကျခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးနေစဉ်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တွံတေးမွေးမြူရေးဇုန်ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကိုတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တွံတေးမွေးမြူရေးဇုန်(၂)အတွင်းရှိ ဦးကိုကိုလတ်၏ ဆိတ်/ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ ဦးညဏ်ထွန်းအောင်၏ အသားတိုးကြက်မွေးမြူရေးခြံကို လည်းကောင်း၊ ဦးဇော်သန်းဦး၏ ဒေသကြက် မွေးမြူရေးခြံကိုလည်းကောင်း၊ ဒေါ်ကျင်သန်း၏ ဝက်မွေးမြူရေးခြံကို လည်းကောင်း ပြိုလဲကျခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ပြန်လည်တည်ဆောက်ပါက ခိုင်ခံ့မှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် လေကာပင်များ စိုက်ပျိုးထားရှိရန် စသည်တို့ မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တွံတေးမြို့နယ်၊ ဘုရားငုတ်တို (မြောက်) ကျေးရွာနှင့် ဒလမြို့နယ်တွင် သီးထပ်စိုက်ပျိုးရေးအတွက် ရေချိုပေးနိုင်ရေး ဆောက်လုပ်နေသည့် ကဘင်းရေတံခါး အမှတ်(၂)နှင့် လှိုင်သာယာ- ဒလ-တွံတေး ကြိုးတံတားအတက်၊ အဆင်းလမ်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဗီယက်နမ်အစိုးရမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ



ဗီယက်နမ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

**ရန်ကုန် မေ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယမန်နေ့ မွန်းလွဲပိုင်းက ဗီယက်နမ်အစိုးရမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများသည် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ပစ္စည်းများမှာ ရွက်ဖျင်တဲ၊ အစားအစာ၊ ဆေးနှင့် ဆေးပစ္စည်း ၂၂၁၃၉ ကီလိုဂရမ် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး Department of Fire Fighting and Rescueing မှ Lieutenant General၊ Director General ၊Ngyyen Tuan Ang က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ဆက်လက်ပို့ခဲ့ကြောင်း သိရသည်။

ထို့နောက် ကူညီကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်ပြီး ဗီယက်နမ်နိုင်ငံနှင့် ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**